# E-Payment ဖြင့်သာ လက်ခံဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာချက်

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် သွင်းကုန်ကျန်းမာရေးထောက်ခံချက် (Import Health Certificate - IHC) အား လျှောက်ထားခြင်း၊ ထောက်ခံချက်ထုတ်ပေးခြင်းအား E-Submission စနစ်ဖြင့် လက်ခံဆောင်ရွက်လျက်ရှိရာ လက်တလောဖြစ်ပေါ်နေသော သဘာဝဘေးအန္တရာယ်အခြေအနေများအရ လုပ်ငန်းများအဆင်ပြေစေရန် IHC ထုတ်ပေးခြင်းများကို (၁-၄-၂၀၂၅) ရက်နေ့မှ (၃၀-၆-၂၀၂၅) ရက်နေ့အထိ (၃) လအတွင်း Manual (ငွေသွင်းချလံ) ကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်) ၏ Bank Account ဖြင့် လက်ခံဆောင်ရွက်ရန် ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ (၂-၄-၂၀၂၅) ရက်စွဲပါစာအမှတ်၊ အစဆ/ စီမံ/ (ဘင) ၂၀၂၅/ ၉၀၄ ဖြင့် ညွှန်ကြားခဲ့သော်လည်း ယခုအခါ Manual (ငွေသွင်းချလံ) ဖြင့် လက်ခံဆောင်ရွက်ခြင်းကို (၂၅-၄-၂၀၂၅) ရက်နေ့အထိသာ လက်ခံဆောင်ရွက်ရန်နှင့် (၂၈-၄-၂၀၂၅) ရက်နေ့မှစတင်၍ ယခင်အတိုင်း E-Payment ဖြင့်သာ လက်ခံဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မှတ်ချက်။ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ (၂-၄-၂၀၂၅) ရက်စွဲပါစာအမှတ်၊ အစဆ/ စီမံ/ (ဘင) ၂၀၂၅/ ၉၀၄ အား ဤညွှန်ကြားချက်ဖြင့် လွှမ်းခြုံပယ်ဖျက်လိုက်သည်။**

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန